ကျောင်းတွင် ကလေးများ သင်ယူနေသည့်အရာကို အထောက်အကူပေးရာ၌ မိဘများသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျောင်းသားကျောင်းသူ၏ သင်ယူမှုတွင် မိဘများ ပါဝင်မှု ပိုများလေ ကျောင်းသားကျောင်းသူ၏ တတ်မြောက်အောင်မြင်မှုနှုန်း ပိုမြင့်လေဖြစ်ကြောင်း သုတေသနတွင် တွေ့ရပါသည်။

မိမိတို့၏ကလေး ကျောင်းတွင် လုပ်ဆောင်နေသည့်အရာကို မိဘများက အထောက်အကူပေးနိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ဤနေရာတွင် အနည်းငယ် ဖော်ပြထားပါသည် -

- စာဖတ်ခြင်းကို နေ့စဉ်အလေ့အကျင့် တစ်ခုအဖြစ် အိမ်၌လုပ်စေပါ။
- သင့်ကလေး၏ ဆရာဆရာမနှင့် ပုံမှန်ဆက်သွယ်ပြောဆိုပါ။
- အိမ်စာပေးသည်များကို စောင့်ကြည့်ကာ အကူအညီပေးပါ။
- သင့်ကလေး၏ ဆရာဆရာမ(များ)ထံမှ တိုးတက်ပြောင်းလဲမှု အခြေအနေများကို ပုံမှန်မေးမြန်းပါ။
- သင့်ကလေး၏ အောင်မြင်မှုများကို အောင်ပွဲခံပါ။
- သင့်ကလေး၏ကျောင်းတွင် အသုံးပြုနေသော သင်ရိုးညွှန်းတမ်းနှင့် ကြားဝင်ဆောင်ရွက်မှုများအကြောင်း ပိုမိုလေ့လာပါ။
- မိဘ/ဆရာ တွေ့ဆုံမှုများနှင့် သင့်ကလေးနှင့် သက်ဆိုင်သည့် အခြားကျောင်းအစည်းအဝေးများသို့ တက်ရောက်ပါ။

MTSS အကြောင်း နောက်ထပ်အချက်အလက်ကို ဘယ်မှာရှာရမလဲ။

www.ncpublicschools.org/integratedsystems/MTSS

https://www.cmsk12.org/districthome

https://www.cmsk12.org/Page/11275

https://go.boarddocs.com/nc/cmsnc/Board.nsf/goto?open&id=CFLPCG63F7AE
(A-PRA/R)

Charlotte-Mecklenburg Schools

**ကျောင်းသားကျောင်းသူ နေကောင်းကျန်းမာရေးရုံး နှင့် ပညာရေးဆိုင်ရာ ပံ့ပိုးကူညီမှု**

**MTSS**

**MTSS ညွှန်ကြားရေးမှူး -**

Shontilia Guy

**ခရိုင်ကျွမ်းကျင်သူများ၊ 2024-2025**

Dr. Allison Gunter — Anasya Turner
Sequeria Lawler — Dr. Sony Anderson

2024 နိုဝငျဘာလတှငျ ဖွညျ့စကျပွငျဆငျခဲ့သညျ

# CMS တွင် MTSS

## အဆင့်များစွာပါသည့် ပံ့ပိုးကူညီရေးစနစ်များ (Multi-Tiered Systems of Support, MTSS) ကို နားလည်စေရန် မိဘများအတွက် လမ်းညွှန်ချက်




# MTSS ဆိုတာဘာလဲ။

MTSS ဆိုသည်မှာ အဆင့်များစွာပါသော မူဘောင်တစ်ခုဖြစ်ပြီး ယင်းက ထိတွေ့ဆက်ဆံခြင်း၊ သုတေသနအခြေပြု ပညာရေးဆိုင်ရာ၊ အပြုအမူဆိုင်ရာနှင့် လူမှုရေး/စိတ်ခံစားမှုဆိုင်ရာ ဆောင်ရွက်ပုံများမှတစ်ဆင့် စဉ်ဆက်မပြတ် ကျောင်းတွင်း ပိုမိုကောင်းမွန်စေမှုကို အားပေးမြှင့်တင်ပါသည်။




# ဤသို့ဖြစ်လျှင် ယင်းက အမှန်တကယ်အားဖြင့် ဘာကိုဆိုလိုပါသလဲ။

ကျောင်းသားကျောင်းသူများ အားလုံးကို ပင်မလမ်းညွှန်ချက် ပေးမည်ဖြစ်ပါသည်။ ပင်မလမ်းညွှန်ချက်အတွင်း ကျောင်းသားကျောင်းသူများသည် အတန်းအဆင့် မျှော်မှန်းချက်များ ပြည့်မီစေမည့် တိုးတက်အောင်မြင်မှု ဖြစ်စေရန် လိုအပ်သည့် လမ်းညွှန်ချက်ကို ရရှိပါမည်။ ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားကျောင်းသူများ အားလုံးသည် ပညာရေးဆိုင်ရာ၊ အပြုအမူဆိုင်ရာနှင့် လူမှုရေး/စိတ်ခံစားမှုဆိုင်ရာ သင်ယူမှု အပိုင်းများတွင် **ပင်မ** လမ်းညွှန်ချက်ကို ရရှိပါမည်။ ကျောင်းရှိ MTSS ဦးဆောင်မှုအဖွဲ့သည် သင်ရိုးညွှန်းတမ်း၊ ပတ်ဝန်းကျင်နှင့် လမ်းညွှန်မှုပေးသည့် ဆောင်ရွက်ပုံများက ကျောင်းသားကျောင်းသူများ၏ သင်ယူမှုအပေါ် သက်ရောက်ပုံနှင့် မည်သည့်အပြောင်းအလဲများသည် ကျောင်းသားကျောင်းသူများ **အားလုံး**၏ လိုအပ်ချက်များကို ပြည့်မီစေရန် လိုအပ်မည်တို့နှင့် သက်ဆိုင်သော ဒေတာကို ပြန်လည်သုံးသပ်ရန် ပုံမှန်တွေ့ဆုံကြပါသည်။ ကျောင်းရှိ MTSS ဦးဆောင်မှုအဖွဲ့များသည် ဒေတာအပေါ် မူတည်၍ အတန်းအဆင့် မျှော်မှန်းချက်များ ပြည့်မီစေရန် ကျောင်းသားကျောင်းသူများ အားလုံးကို အထောက်အကူဖြစ်စေရန်အတွက် ပင်မလမ်းညွှန်ချက်တွင် လိုက်လျောညီထွေ ပြင်ဆင်ချက်များ ပြုလုပ်ရန် လိုအပ်ခြင်းရှိနိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့အပြင် အချို့သော ကျောင်းသားကျောင်းသူများသည် **ပင်မ** လမ်းညွှန်ချက်**အပြင်နှင့် ၎င်းနှင့်ဆက်စပ်၍** *အပိုဆောင်း* ပံ့ပိုးကူညီမှု အလွှာတစ်ခုကို လိုအပ်မည် ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများ အတန်းအဆင့် မျှော်မှန်းချက်များအောက်တွင် များစွာလျော့နည်းနေပါက **အထူးကြပ်မတ်** ပံ့ပိုးကူညီမှု အလွှာတစ်ခုကို ထည့်သွင်းစဉ်းစားပါမည်။ ထပ်မံ၍ ဒေတာပြန်လည်သုံးသပ်ချက်အပေါ် မူတည်ကာ အချို့သော ကျောင်းသားကျောင်းသူများသည် အကြောင်းအရာ စံနှုန်းများနှင့် အတန်းအဆင့် မျှော်မှန်းချက်များတွင် တိုးပွားမှုနှင့် တိုးတက်မှုရှိစေရန်အတွက် ပင်မလမ်းညွှန်ချက်အပြင် အပိုဆောင်း သို့မဟုတ် အထူးကြပ်မတ် ပံ့ပိုးကူညီရေး အလွှာများကို လိုအပ်မည် ဖြစ်ပါသည်။ အောက်ပါပုံတွင် MTSS မူဘောင် လုပ်ဆောင်ပုံကို ကောင်းစွာမြင်နိုင်ပါသည်။




# မိမိတို့ကလေး၏ကျောင်းတွင် MTSS လုပ်ဆောင်ပုံအကြောင်း ပိုမိုသိရှိနိုင်ရန် မည်သည့်မေးခွန်းများကို မိဘများက မေးနိုင်ပါသလဲ။



- MTSS မူဘောင်အတွင်း ကျွန်ုပ်၏ကလေးကို မည်ကဲ့သို့ အထောက်အကူ ပေးပါသလဲ။
- ကျွန်ုပ်ကလေး၏ စာသင်ခန်းတွင် မည်သည့်သင်ရိုးညွှန်းတမ်းကို သင်ကြားပေးနေပါသလဲ။
- ပင်မလမ်းညွှန်ချက်တွင် ကျွန်ုပ်၏ကလေးကို မည်ကဲ့သို့ အထောက်အကူ ပေးပါသလဲ။
- ကျွန်ုပ်၏ကလေး စာသင်ခန်းထဲတွင် ပညာရေးဆိုင်ရာအရ ရုန်းကန်နေရပါက သူ/သူမ၏ကျောင်းတွင် မည်သည့် ဦးတည်ကာ ကြားဝင်ဆောင်ရွက်ခြင်းများကို အသုံးပြုနေပါသလဲ။
- ကျွန်ုပ်၏ကလေးသည် အပြုအမူ၊ ကျောင်းတက်ရောက်မှု သို့မဟုတ် SEL နှင့်ပတ်သက်၍ ရုန်းကန်နေရပါက သူ/သူမ၏ကျောင်းတွင် မည်သည့် ဦးတည်ကာ ကြားဝင်ဆောင်ရွက်ခြင်းများကို အသုံးပြုနေပါသလဲ။
- တိုးတက်မှု စောင့်ကြည့်ရေးအတွက် ကျွန်ုပ်ကလေး၏ကျောင်းက မည်သည့်သမားရိုးကျ စည်းမျဉ်းများကို အသုံးပြုပါသလဲ။
- ကျွန်ုပ်ကလေး၏ တိုးတက်မှုအကြောင်း ကျွန်ုပ်ကိုမည်သို့ အသိပေးမှာလဲ။
- ကြားဝင်ဆောင်ရွက်မှုက အလုပ်မဖြစ်လျှင် ဘာဖြစ်မလဲ။